၁။ မြောက်ဘက်ကွင်းဝက်၏ ပင်နယ်တီဧရိယာအတွင်း၊ ဘောလုံးကစားနေခိုက် တောင်ဘက် ဂိုးစည်း၏ ပင်နယ်တီဧရိယာအတွင်း နောက်တန်းလူတစ်ဦးက တစ်ဖက်မှ တိုက်စစ်ကစားသူကို ထိုးရိုက်လိုက်လျှင် မည်သည့်အပြစ်ဒဏ်ပေးခံရမည်နည်း။ သူ့အသင်းကိုလည်း မည်သို့အရေးယူရမည်နည်း။

၂။ ပင်နယ်တီကန်သွင်းမည့်သူက ရှေ့သို့ လက်မအနည်းငယ်သာ လှိမ့်ကန်လိုက်ပြီး သူ၏အသင်းဖော်က ထပ်ကန်၍ ဂိုးဝင်သွားပါက ဂိုးရ - မရ။

၃။ ပင်နယ်တီကို အပြစ်ကျူးလွန်သည့်အသင်းသားတစ်ဦးက ကိုယ့်ဂိုးကို ပြန်ကန်သွင်းလျှင် ဂိုးရ - မရ။

၄။ လက်နှင့်ဘောလုံးထိတိုင်း အပြစ်ပေးရမည်လား။
လက်ထိဘောနှင့် ဘောထိလက်တို့ မည်သို့ကွာခြားသနည်း။

၅။ လူစားဝင်မည့်သူက ကစားကွင်းထဲမဝင်ဘဲ သူ့အနားက ဘောလုံးကို လက်ပစ်ဘော ပစ်သွင်းလို့ ရ - မရ။

၆။ လူကျွံအနေအထားနှင့် လူကျွံအပြစ်ကျူးလွန်ခြင်း မည်သို့ကွာခြားသနည်း။

၇။ လူကျွံအနေအထားတွင်ရှိရုံနှင့် လူကျွံအပြစ်ပေးရမည်လား။

၈။ တိုက်ရိုက်အလွတ်တည်ကန်ဘောအပြစ် အပြစ်ပေးရမည့် ကြီးလေးသောပြစ်မှုကျူးလွန်ကစားခြင်း (Serious Foul Play)နှင့် ဆိုးသွမ်းရိုင်းပျသည့် အပြုအမူ (Violent Conduct)တို့ မည်သို့ကွာခြားသနည်း။

၉။ ဘောလုံးအသင်းတစ်သင်းမှ တာဝန်ရှိသူများ ဆိုသည်မှာ မည်သည့်ပုဂ္ဂိုလ်များအား ခေါ်သနည်း။

၁၀။ ဂိုးသမားက ဘောလုံးကိုဖမ်းပြီးနောက် ရှေ့သို့ကန်တင်ရန် လေထဲမြှောက်ပစ်ရာတွင် တစ်ဖက်လူက ယင်းဘောလုံးကို ဝင်ကန်နိုင်ပါသလား။

၁၁။ အလွတ်တည်ကန်ဘောများကို အမြန်ကန်နိုင်ရန် မည်သည့်အချိန်တွင် မည်သို့ကန်ရမည်နည်း။ စသည့် ဘောလုံးနှင့်မကင်းသူတိုင်း ဘောလုံးဥပဒေများကို တိတိကျကျ ကွင်းကွင်းကွက်ကွက် သိရှိရမည့် နှစ် ၅၀ အတွင်း ပထမဆုံးအကြိမ် ထွက်ပေါ်လာသော ဘောလုံးဥပဒေပညာပေး အမေး - အဖြေပေါင်း ၇၀၀ ကျော် ပါဝင်သည့် စာအုပ်၊ စာရေးသူ၏ နှစ်ပေါင်း ၄၀ ကျော် အတွေ့အကြုံနှင့် လေ့လာသိရှိထားသည့် ဘောလုံးဥပဒေ အမေး - အဖြေများ။